# သိကြားမင်းတောင် လက်မြှောက်တယ်

သမ္မတသုံးဦး သိကြားမင်းထံ ရောက်လာကြသည်။ ပြင်သစ်သမ္မတက ပထမဆုံးမေးခွန်း မေးသည်။

" ကျွန်တော်တို့ ဆီမှာ ဘယ်တော့လောက် အလုပ်လက်မဲ့ ပြဿနာ ပပျောက်မလဲ ခင်ဗျာ"

သိကြားမင်း အတန်ကြာ စဉ်းစားပြီးနောက် အဖြေပေးသည်။

" နောက် နှစ်ပေါင်း ၁၀၀-ကြာရင် ပ ပျောက်မယ် "

"ဒီအထိတော့ ကျွန်တော် အသက်ရှည်မှာ မဟုတ်ဘူး " ဟု ပြင်သစ်သမ္မတက ပြောသည်။

အမေရိကန်သမ္မတက မေးသည်။

" ကျွန်တော်တို့ ဆီမှာ မေးဖွားနှုန်းများနေတာ ဘယ်တော့ရပ်တန့်မလဲ ခင်ဗျာ "

သိကြားမင်း အတန်ကြာ စဉ်းစားပြီး ဖြေသည်။

" နောက် နှစ် ၁၀၀- ကြာတဲ့ အခါမှာ "

" ဒီလောက်အထိ ကျွန်တော် အသက်ရှင်မှာ မဟုတ်ပါဘူး " ဟု အမေရိကန် သမ္မတက ပြောသည်။

ရုရှားသမ္မတက နောက်ဆုံးမေးသည်။

" ကျွန်တော်တို့ ဆီမှာ ဘယ်တော့လောက် ကွန်မြူနစ်စနစ် အောင်မြင်မှာလည်း ခင်ဗျာ "

သိကြားမင်း အချိန်ယူ စဉ်းစားသည်။ နောက်ဆုံး စိတ်ပျက်သံဖြင့် ဖြေသည်။

" အဲဒီအထိ ကျုပ်အသက်ရှည်မှာ မဟုတ်ပါဘူး "

သူများ ရေးသမျှ၊ ပြောသမျှ ထဲမှ မိမိကြိုက်နှစ်သက်သော ဟာသများကို ပြန်လည် ဖောက်သယ်ချပါသည်။

အော်စကာ